# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

## အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်အမှတ်- ၁၀၂/ တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်မှု- ၇/ ၂၀၀၉ ကို လေ့လာတင်ပြခြင်း

လေ့လာတင်ပြသူ-

ဒေါ်စုဝါထွေး
ဒုတိယညွှန်ကြားရေးမှူး
ဝန်ထမ်းရေးရာဌာနခွဲ

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

**အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်အမှတ်- ၁၀၂/ တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်မှု- ၇/ ၂၀၀၉ ကို လေ့လာတင်ပြခြင်း**

**မာတိကာ**


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၁. ၁။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဖွဲ့စည်းပုံနှင့်စီရင်ပိုင်ခွင့်အာဏာ | ၁ |
| ၂။ | အမှုအကြောင်းအရာအကျဉ်းချုပ် | ၂ |
| ၃။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်အမှတ်- ၁၀၂/ တရားစီရင်ရေး ဆိုင်ရာပြန်လည်သုံးသပ်မှု- ၇/ ၂၀၀၉ | ၂ |
| ၃. ၁။ | တင်သွင်းသူများ | ၂ |
| ၃. ၂။ | ဥပဒေဆိုင်ရာသုံးသပ်ချက်များ | ၃ |
| ၃. ၂. ၁။ | တရားရုံး၏အခွင့်အာဏာ | ၃ |
| ၃. ၂. ၂။ | တင်သွင်းသူများ၏ တရားဝင်ရပ်တည်မှု | ၃ |
| ၃. ၂. ၂. ၁။ | တင်သွင်းသူများ၏လျှောက်လဲချက် | ၅ |
| ၃. ၂. ၂. ၂။ | တင်သွင်းသူများ၏ လျှောက်လဲချက်အပေါ် တရားရုံး၏ သုံးသပ်ချက် | ၆ |
| ၃. ၃။ | တင်သွင်းလွှာ၏အဓိအကြောင်းခြင်းရာ | ၇ |
| ၃. ၄။ | တရားရုံး၏သုံးသပ်ချက် | ၉ |
| ၃. ၅။ | တရားရုံး၏ကောက်ချက် | ၁၅ |
| ၃. ၆။ | ဆုံးဖြတ်ချက်များ | ၁၅ |
| ၄။ | သုံးသပ်ချက် | ၁၇ |

# အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်အမှတ်- ၁၀၂/ တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်မှု- ၇/ ၂၀၀၉ ကို လေ့လာတင်ပြခြင်း

## ၁။ နိဒါန်း

အင်ဒိုနီးရှားသမ္မတနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာကြားတွင် တည်ရှိသည့် ကမ္ဘာ့အကြီးဆုံးကျွန်းစုနိုင်ငံဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ပါဝင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံမှ ၁၃၈၁ ကီလိုမီတာ(၁၉၇၇မိုင်) ကွာဝေးသည်။ အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့သည် သံတမန်ဆက်ဆံရေးကို ၁၉၄၉ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၁၉၉၉ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၁ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်တို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းကိုဆောင်ရွက်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတတိယအကြိမ် ပြင်ဆင်ချက်တွင် ပုဒ်မ ၂၄ (ဂ) ကိုပြဋ္ဌာန်းခဲ့ပြီး၊ အဆိုပါပြဋ္ဌာန်းချက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးနှင့်သက်ဆိုင်သော ပြဋ္ဌာန်းချက်များပါဝင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥပဒေကို ဥပဒေအမှတ်- (၂၃/ ၂၀၀၃) ဖြင့် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ယင်းနေ့ကိုအင်ဒိုနီးရှားသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးနေ့ အဖြစ်သတ်မှတ်ခဲ့သည်။[1]

### ၁. ၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဖွဲ့စည်းပုံနှင့် စီရင်ပိုင်ခွင့်အာဏာ

အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ဥက္ကဋ္ဌ (၁)ဦး၊ ဒုတိယဥက္ကဋ္ဌ (၁)ဦး နှင့် တရားသူကြီး (၇)ဦးဖြင့်ဖွဲ့စည်းထားပြီး[2] အင်ဒိုနီးရှားနိုင်ငံ၏မြို့တော် ဂျကာတာတွင် တည်ရှိသည်။[3] ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည်-

- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သောဥပဒေများကို ပြန်လည်သုံးသပ်ရန်၊
- နိုင်ငံတော်အဖွဲ့အစည်းများအား ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့် အာဏာများနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုများကို ဆုံးဖြတ်ရန်၊
- နိုင်ငံရေးပါတီဖျက်သိမ်းမှုအပေါ် ဆုံးဖြတ်ရန်၊

[1] https://en.mkri.id/profile/history
[2] Article 4, Constitutional Court Law, Republic of Indonesia.
[3] Article 3, ibid.

- အထွေထွေရွေးကောက်ပွဲ၏ ရလဒ်များနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုများကို ဆုံးဖြတ်ရန် စီရင်ပိုင်ခွင့်အာဏာရှိသည်။

ထို့အပြင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်သည်ဟူသော စွပ်စွဲချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့ကိုယ်စားပြုကောင်စီ (DPR)၏ တင်သွင်းမှုအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ချက်ချမှတ်ရန် တာဝန်ရှိသည်။[4]

## ၂။ အမှုအကြောင်းအရာအကျဉ်းချုပ်

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်အမှတ်- ၁၀၂/ တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်မှု- ၇/ ၂၀၀၉ သည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ၏ အထွေထွေရွေးကောက်ပွဲများဆိုင်ရာဥပဒေ (ဥပဒေအမှတ် ၄၂/ ၂၀၀၈)၊ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၁၁၁၊ အပိုဒ် (၁) သည် ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ ပုဒ်မ ၅၁ (၁) အရ အင်ဒိုနီးရှားနိုင်ငံသား(၂)ဦးတို့မှ တင်သွင်းခြင်းဖြစ်သည်။

## ၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်အမှတ်- ၁၀၂/ တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်မှု- ၇/ ၂၀၀၉

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်အမှတ်- ၁၀၂/ ၂၀၀၉ သည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ၏ အထွေထွေရွေးကောက်ပွဲများဆိုင်ရာဥပဒေ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၁၁၁၊ အပိုဒ် (၁) သည် ၁၉၄၅ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်ရန်အတွက် တင်သွင်းသောကိစ္စရပ်အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

### ၃. ၁။ တင်သွင်းသူများ

တင်သွင်းသူ (၁) - Refly Harun

တင်သွင်းသူ (၂) - Maheswara Prabandono

[4] Article 24C, The 1945 Constitution of the Republic of Indonesia.

## ၃. ၂။ ဥပဒေဆိုင်ရာသုံးသပ်ချက်များ

တင်သွင်းလွှာတင်သွင်းသူများ၏ ရည်ရွယ်ချက်မှာ ၁၉၄၅ ခုနှစ် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ၏ အထွေထွေရွေးကောက်ပွဲ ဆိုင်ရာဥပဒေ (ဥပဒေအမှတ် ၄၂/ ၂၀၀၈)၊ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၁၁၁ အပိုဒ် (၁) အား ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ ပြန်လည်သုံးသပ်ရန် ဖြစ်သည်။

တင်သွင်းလွှာ၏ အကြောင်းချင်းရာကို စဉ်းစားသုံးသပ်ခြင်းမပြုမီ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ဆိုင်ရာတရားရုံးသည် အောက်ဖော်ပြပါ ငြင်းချက်များကို ပထမဦးစွာ စဉ်းစားသုံးသပ်ရမည်-

(က) ဤတင်သွင်းလွှာကို စစ်ဆေးခြင်း၊ ကြားနာခြင်းနှင့် ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ရန် တရားရုံး၏စီရင်ပိုင်ခွင့်အာဏာ၊

(ခ) တင်သွင်းလွှာတင်သွင်းရန် တင်သွင်းသူများ၏ တရားဝင်ရပ်တည်ခွင့်။

## ၃. ၂. ၁။ တရားရုံး၏အခွင့်အာဏာ

၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄(ဂ) အပိုဒ် ၁၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးဥပဒေ ပုဒ်မ ၁၀၊ အပိုဒ် ၁(က) နှင့် တရားစီရင်ရေးအာဏာဆိုင်ရာဥပဒေ ပုဒ်မ ၁၂၊ အပိုဒ် ၁(က) တို့အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အရ ဥပဒေများကို တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်ရန် မူလစီရင်ပိုင်ခွင့်နှင့် နောက်ဆုံး စီရင်ပိုင်ခွင့် အာဏာရှိသည့်အပြင် ယင်း၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

တင်သွင်းလွှာသည် ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတနှင့် ဒုတိယ သမ္မတ၏ အထွေထွေရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၁၁၁ အပိုဒ်(၁)ပါ စံသတ်မှတ်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ ပြန်လည်သုံးသပ်ရန် တင်သွင်း ခြင်းဖြစ်ပြီး၊ ထိုသို့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ ပြန်လည်သုံးသပ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အခွင့်အာဏာအတွင်း ကျရောက်သည်။ ထို့ကြောင့် တရားရုံးသည် ဤတင်သွင်းလွှာကို စစ်ဆေးရန်၊ ကြားနာရန်နှင့် ဆုံးဖြတ်ရန်အခွင့်အာဏာ ရှိသည်။

## ၃. ၂. ၂။ တင်သွင်းသူများ၏ တရားဝင်ရပ်တည်မှု

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ ပုဒ်မ ၅၁ အပိုဒ်(၁)ကိုအခြေခံ၍ ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ရန် တင်သွင်းနိုင်သူ များဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေ

ဆိုင်ရာအခွင့်အရေးများ နှင့်/သို့မဟုတ် လုပ်ပိုင်ခွင့်များသည် ဥပဒေတစ်ခုအာဏာ သက်ရောက်လာခြင်းကြောင့် ထိခိုက်နစ်နာခြင်းခံရသည်ဟု ယူဆသူများဖြစ်သည်။ ထို့ကြောင့် တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်ရန်အတွက် တင်သွင်းလွှာတင်သွင်းခွင့်ရှိသူများမှာ-

(က) အင်ဒိုနီးရှားနိုင်ငံသား၊

(ခ) ဓလေ့ထုံးတမ်းဥပဒေသည် တည်ရှိဆဲဖြစ်သည့်အပြင် အများပြည်သူတို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဥပဒေဖြင့်ပြဋ္ဌာန်းထားသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ မူဝါဒတို့နှင့် ညီညွတ်သော ဓလေ့ထုံးတမ်းဥပဒေဆိုင်ရာ အဖွဲ့အစည်းများ၊

(ဂ) အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကဆိုင်ရာ တရားဝင်အဖွဲ့အစည်းများ၊ သို့မဟုတ်

(ဃ) နိုင်ငံတော်အဖွဲ့အစည်းများ။

ထို့ကြောင့် ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေကိုတရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်မှုတွင် တင်သွင်းသူများသည် အောက်ဖော်ပြအချက်များကို ပထမဦးစွာရှင်းပြပြီး သက်သေအထောက်အထားပြရမည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ ပုဒ်မ ၅၁ အပိုဒ် (၁)တွင် ရည်ညွှန်းထားသော တင်သွင်းသူများအဖြစ် ၎င်းတို့၏အရည်အချင်း၊

(ခ) ပြန်လည်သုံးသပ်ရန်တင်သွင်းသော ဥပဒေအာဏာသက်ရောက်ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများ နှင့်/ သို့မဟုတ် လုပ်ပိုင်ခွင့်ကို တစ်စုံတစ်ရာထိခိုက်နစ်နာမှု ရှိမရှိ ပြန်လည်သုံးသပ်ရန် တင်သွင်းမှုဖြစ်ခြင်း။

၂၀၀၅ ခုနှစ် မေလ ၃၁ ရက်စွဲပါ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက် အမှတ် ၀၀၆/ တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်မှု- ၃/ ၂၀၀၅ နှင့် ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၂၀ ရက်စွဲပါ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက် အမှတ် ၁၁/ တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်မှု- ၅/ ၂၀၀၇ မှစတင်၍ တရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ ပုဒ်မ ၅၁ အပိုဒ် (၁) တွင် ရည်ညွှန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်ရေးများ နှင့်/သို့မဟုတ် လုပ်ပိုင်ခွင့် ထိခိုက်နစ်နာမှုသည် ဖော်ပြပါ လိုအပ်ချက်ငါးခုနှင့် ကိုက်ညီရမည်ဟု ထင်မြင်သည်-

(က) တင်သွင်းသူများသည် ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်ရေးများ နှင့်/ သို့မဟုတ် လုပ်ပိုင်ခွင့်ရှိခြင်း၊

(ခ) ပြန်လည်သုံးသပ်ရန်တင်သွင်းသည့် ဥပဒေ၏အကျိုးသက်ရောက်မှုကြောင့် အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်ရေးများ နှင့်/သို့မဟုတ် လုပ်ပိုင်ခွင့်တို့ကို ချိုးယွင်းစေသည်ဟု တင်သွင်းသူများက ထင်မြင်ယူဆခြင်း၊

(ဂ) ထိုကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်ရေးများ နှင့်/သို့မဟုတ် လုပ်ပိုင်ခွင့် တို့ထိခိုက်နစ်နာခြင်းသည် ယုတ္တိဗေဒဆိုင်ရာကျိုးကြောင်းဆင်ခြင်မှုအရ တိကျမှု ရှိပြီး သဘောသဘာဝအရ အမှန်တကယ် သို့မဟုတ် အနည်းဆုံး ဖြစ်နိုင်ချေ ရှိခြင်း၊

(ဃ) တင်သွင်းသူများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်ရေးများ နှင့်/သို့မဟုတ် လုပ်ပိုင်ခွင့်နှင့် ပြန်လည်သုံးသပ်ရန်တင်သွင်းသည့် ဥပဒေတို့ကြားတွင် အကြောင်း အကျိုးဆက်နွယ်မှုရှိခြင်း၊

(င) တင်သွင်းသူများ၏ တင်သွင်းလွှာအားခွင့်ပြုခြင်းဖြင့် တင်သွင်းသူများမှ အခိုင်အမာ တောင်းဆိုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်ရေးများ နှင့်/သို့မဟုတ် လုပ်ပိုင်ခွင့် ထိခိုက်နစ်နာမှုသည် ဖြစ်နိုင်တော့မည်မဟုတ်ခြင်း သို့မဟုတ် ကြာရှည်စွာ ဖြစ်ပေါ်တော့မည် မဟုတ်ခြင်း။

**၃. ၂. ၂. ၁။ တင်သွင်းသူများ၏လျှောက်လဲချက်**

တင်သွင်းသူများ၏ လျှောက်လဲချက်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ၏ အထွေထွေရွေးကောက်ပွဲဆိုင်ရာဥပဒေ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၁၁၁၊ အပိုဒ် (၁) တို့ကို တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ရန် တင်သွင်းခြင်း၏ အကြောင်းပြချက်မှာ အဆိုပါဥပဒေ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၁၁၁၊ အပိုဒ် (၁) သည် အသက် (၁၇) နှစ် ပြည့်ပြီး အိမ်ထောင်ပြုပြီးသည့် နိုင်ငံသားအချို့၏ ဆန္ဒမဲပေးပိုင်ခွင့်ကိုဖယ်ထုတ်သည် ဟူသော အကြောင်းပြချက်အပေါ် အဓိကအားဖြင့်အခြေခံ၍ ယင်းပြဋ္ဌာန်းချက်များသည် ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း တင်ပြလျှောက်လဲသည်။

အမှန်အားဖြင့် ဆန္ဒမဲပေးပိုင်ခွင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇ အပိုဒ် (၁) နှင့် ပုဒ်မ ၂၈ (ဃ) အပိုဒ် (၁)နှင့် (၃) တို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဥပဒေနှင့် အစိုးရတို့တွင် တန်းတူညီမျှအခွင့်အရေးကို ထင်ရှားစေသည့်အပြင် အဆိုပါပြဋ္ဌာန်းချက်သည် လူ့အခွင့်အရေး

ဆိုင်ရာဥပဒေ(ဥပဒေအမှတ် ၃၉/၁၉၉၉) ပုဒ်မ ၄၃ တွင်လည်း "နိုင်ငံသားတိုင်းသည် ဥပဒေများနှင့် စည်းမျဉ်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူရှေ့မှောက်တွင် တိုက်ရိုက်၊ လွတ်လပ်စွာ၊ လျှို့ဝှက်၊ ရိုးသားပြီး တရားမျှတသောနည်းလမ်းဖြင့် မဲပေးခြင်းမှတစ်ဆင့် တန်းတူညီမျှအခွင့် အရေးများကို အခြေခံ၍ အထွေထွေရွေးကောက်ပွဲများတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိရမည်။" ဟုအတိအလင်းပြဋ္ဌာန်းထားသည်။ ဆန္ဒမဲပေးပိုင်ခွင့်သည် ပြည်သူ့ ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Civil and Political Rights- ICCPR) တွင်လည်းပါဝင်ပြီး၊ ၎င်းကို ပြည်သူ့ ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် အတည်ပြုခြင်း နှင့်စပ်လျဉ်းသော ဥပဒေအမှတ် ၁၂/ ၂၀၀၅ (အင်ဒိုနီးရှား သမ္မတနိုင်ငံ၏ ပြန်တမ်းအမှတ် ၁၁၉/ ၂၀၀၅)ဖြင့် အတည်ပြုခဲ့ပြီးဖြစ်သည်။

**၃. ၂. ၂. ၂။ တင်သွင်းသူများ၏ လျှောက်လဲချက်အပေါ် တရားရုံး၏သုံးသပ်ချက်**

တင်သွင်းသူ(၁) (Refly Harun)နှင့် တင်သွင်းသူ(၂) (Maheswara Prabandono) တို့သည် အသက် (၁၇) နှစ်ပြည့်ပြီး လက်ထပ်ပြီးသည့် အင်ဒိုနီးရှားနိုင်ငံသားများဖြစ်ကြပြီး (သက်သေခံအထောက်အထား စာ- ၂)၊ ၂၀၀၉ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ကျင်းပသည့် ပြည်သူ့ကိုယ်စားပြုကောင်စီ(People's Representative Council/ Dewan Perwakilan Rakyat- DPR)၊ ဒေသကိုယ်စားပြုကောင်စီ(Regional Representative Council/ Dewan Perwakilan Daerah- DPD) နှင့် ဒေသဆိုင်ရာပြည်သူ့ကိုယ်စားပြုကောင်စီ (Regional People's Representative Councils/ Dewan Perwakilan Rakyat Daerah- DPRD) တို့၏ ကိုယ်စားလှယ်များအတွက် အထွေထွေရွေးကောက်ပွဲကာလတွင် အဆိုပါ တင်သွင်းသူ(၂)ဦးကို အမြဲတမ်းမဲဆန္ဒရှင်များမှတ်ပုံတင်စာရင်း(DPT)တွင် စာရင်းမသွင်းခဲ့သဖြင့် မဲပေးနိုင်ခြင်း မရှိခဲ့ပါ။ ထို့ကြောင့် ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံထားသော ၎င်းတို့၏ ဆန္ဒမဲ ပေးပိုင်ခွင့် အခွင့်အရေးကို သုံးစွဲနိုင်ခြင်းမရှိခဲ့ပေ။ ဤတင်သွင်းလွှာတွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ များ၏ အထွေထွေရွေးကောက်ပွဲများတွင် တင်သွင်းသူများ၏ ဆန္ဒမဲပေးပိုင်ခွင့် ထိခိုက်နစ်နာ နိုင်ချေရှိခဲ့ခြင်းမှာ တင်သွင်းသူများကို အထွေထွေရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမီနှစ်ရက် အလို၊ တရားရုံးက ကြားနာစစ်ဆေးသည်အထိ အမြဲတမ်းမဲဆန္ဒရှင်များ မှတ်ပုံတင်စာရင်းတွင် ပါဝင်ခြင်း ရှိ၊ မရှိ အသိပေးခြင်း မရှိသေးသည့်အပြင် မဲပေးရမည့် အချိန်နှင့်နေရာတို့အတွက် အသိပေးစာကိုလည်း မရရှိသေးသဖြင့် ၎င်းတို့၏ ဆန္ဒမဲပေးပိုင်ခွင့်ကို အသုံးပြုနိုင်မှု ရှိ၊ မရှိ အတိအကျမသိရှိရသေးသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဖော်ပြထားသော အရည်အချင်းနှင့်

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ထိခိုက်နစ်နာမှုတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် လျှောက်ထားသူများသည် တင်သွင်းလွှာတင်သွင်းရန်အတွက် လိုအပ်သော တရားဝင်ရပ်တည်ခွင့်ရှိသည်။

**၃. ၃။ တင်သွင်းလွှာ၏အဓိအကြောင်းချင်းရာ**

တရားရုံးသည် တင်သွင်းလွှာကို စစ်ဆေးရန်၊ ကြားနာရန်နှင့် ဆုံးဖြတ်ရန် အာဏာရှိခြင်းနှင့် တင်သွင်းသူများသည် အထက်တွင်သုံးသပ်ထားသကဲ့သို့ တင်သွင်းလွှာတင်သွင်းသူများအဖြစ် တရားဝင်ရပ်တည်ခွင့်ရှိခြင်းတို့ကြောင့် တရားရုံးသည် တင်သွင်းလွှာ၏ အဓိကအကြောင်းချင်းရာကို ထည့်သွင်းစဉ်းစားရမည်။

တင်သွင်းသူများကတင်သွင်းသည့် အဓိကအကြောင်းအရာမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ၏ အထွေထွေရွေးကောက်ပွဲဆိုင်ရာဥပဒေ (ဥပဒေအမှတ် ၄၂/ ၂၀၀၈)၏ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၁၁၁ အပိုဒ် (၁) သည် အသက် (၁၇) နှစ်ပြည့်ပြီး လက်ထပ်ပြီးသည့် နိုင်ငံသားများ၏ ဆန္ဒမဲပေးပိုင်ခွင့်ကို ဖယ်ထုတ်ထားသည် သို့မဟုတ် ဖယ်ထုတ်နိုင်ချေရှိသည်။ တစ်ချိန်တည်းမှာပင် ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံထားသည့် ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၀၁၁- ၀၁၇/ တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်မှု- ၁/ ၂၀၀၃ ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖော်ပြထားသည်။ အဆိုပါဆုံးဖြတ်ချက်တွင် "နိုင်ငံသားများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်နှင့် ကိုယ်စားလှယ်လောင်းဖြစ်ခွင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေများအပြင် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များဖြင့် အာမခံချက်ပေးထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေး၏ အစိတ်အပိုင်း ဖြစ်သည်၊ ထို့ကြောင့် ရည်ညွှန်းခဲ့သောအခွင့်အရေးကို ကန့်သတ်ခြင်း၊ ချိုးဖောက်ခြင်း၊ ဖယ်ထုတ်ခြင်းနှင့် ပယ်ဖျက်ခြင်းသည် နိုင်ငံသားများ၏ လူ့အခွင့်အရေးများကို ချိုးဖောက်ခြင်း ဖြစ်သည်။" ဟု ဖော်ပြထားသည်။

ဆန္ဒမဲပေးပိုင်ခွင့်သည် ဥပဒေနှင့် အစိုးရတို့တွင် တန်းတူညီမျှအခွင့်အရေးကို ထင်ရှားစေသည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇ အပိုဒ် (၁) တွင် ပြဋ္ဌာန်းထားသကဲ့သို့ ပုဒ်မ ၂၈ (ဃ) အပိုဒ် (၁)နှင့် (၃) တို့တွင်လည်း ပြဋ္ဌာန်းထားသည်။ အထူးသဖြင့် လူ့အခွင့်အရေးဆိုင်ရာဥပဒေ(ဥပဒေအမှတ် ၃၉/ ၁၉၉၉) ပုဒ်မ ၄၃ တွင် ဆန္ဒမဲပေးပိုင်ခွင့်ကို "နိုင်ငံသားတိုင်းသည် ဥပဒေများနှင့် စည်းမျဉ်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ ရှေ့မှောက်တွင် တိုက်ရိုက်၊

လွတ်လပ်စွာ၊ လျှို့ဝှက်၊ ရိုးသားပြီး တရားမျှတသောနည်းလမ်းဖြင့် မဲပေးခြင်းမှတစ်ဆင့် တန်းတူညီမျှ အခွင့်အရေးများကိုအခြေခံ၍ အထွေထွေရွေးကောက်ပွဲများတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိရမည်။” ဟု ပြဋ္ဌာန်းထားသည်။ ဆန္ဒမဲပေးပိုင်ခွင့်သည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (International Covenant on Civil and Political Rights- ICCPR) တွင်လည်းပြဋ္ဌာန်းထားပြီး၊ အဆိုပါ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ ပြန်တမ်းအမှတ် ၁၁၉/ ၂၀၀၅၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် အတည်ပြုခြင်းနှင့်စပ်လျဉ်းသော ဥပဒေအမှတ် ၁၂/ ၂၀၀၅ ဖြင့် အတည်ပြုခဲ့ပြီးဖြစ်သည်။ ICCPR ၏ အပိုဒ် ၂၅ တွင် “ နိုင်ငံသားတိုင်းသည် အပိုဒ် ၂ တွင် ဖော်ပြထားသော ခွဲခြားမှု တစ်စုံတစ်ရာ နှင့် ကျိုးကြောင်းညီညွတ်မှုမရှိသော ကန့်သတ်ချက်များမရှိစေဘဲ အခွင့်အရေးနှင့် အခွင့်အလမ်းများရရှိရမည်-

(က) တိုက်ရိုက်ဖြစ်စေ၊ လွတ်လပ်စွာရွေးချယ်ခံရသော ကိုယ်စားလှယ်များမှတစ်ဆင့်ဖြစ်စေ အများပြည်သူနှင့်ဆိုင်သော ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခွင့်၊

(ခ) ရွေးကောက်တင်မြှောက်သူများ၏ လွတ်လပ်သောဆန္ဒကို အာမခံချက်ပေးသည့် လူတိုင်းပါဝင်၍ တန်းတူညီမျှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော လျှို့ဝှက်မဲပေးစနစ်အရ အချိန်ကာလ အပိုင်းအခြားအလိုက် ကျင်းပသော စစ်မှန်သည့်ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်။”

ထို့ကြောင့် တင်သွင်းသူများ၏အဆိုအရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ၏ အထွေထွေရွေးကောက်ပွဲဆိုင်ရာဥပဒေ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၁၁၁ အပိုဒ် (၁) ပါပြဋ္ဌာန်းချက်များသည် နိုင်ငံသားများဆန္ဒမဲပေးနိုင်စေရေးအတွက် မဲဆန္ဒရှင်များအဖြစ် မှတ်ပုံတင်ရန် သို့မဟုတ် အမြဲတမ်း မဲဆန္ဒရှင်များမှတ်ပုံတင်စာရင်းတွင် ပါဝင်ရန်လိုအပ်ကြောင်း၊ ထိုပြဋ္ဌာန်းချက်သည် အချို့သော နိုင်ငံသားများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးကို ဖယ်ထုတ်ထားကြောင်း၊ ထို့ကြောင့် ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇(၁)၊ ပုဒ်မ ၂၈(ဃ) အပိုဒ် (၁)နှင့် (၃) တို့နှင့် ညီညွတ်မှုမရှိဟုဆိုသည်။

၎င်းတို့၏တင်သွင်းလွှာတွင် ထွက်ဆိုချက်များကို အထောက်အကူဖြစ်စေရန်အလို့ငှာ စာရွက်စာတမ်းများ/ ရေးသားထားသော အထောက်အထားတို့ကို သက်သေခံချက်- ၁ နှင့် သက်သေခံချက်-၂ အဖြစ်တင်ပြသော်လည်း မည်သည့်သက်သေများ သို့မဟုတ် ကျွမ်းကျင်သူများကိုမျှ တင်ပြခြင်းမပြုပါ။

## ၃. ၄။ တရားရုံး၏သုံးသပ်ချက်

တင်သွင်းလွှာ၏အဓိကအကြောင်းချင်းရာကို စဉ်းစားခြင်းမပြုမီ တရားရုံးသည် တင်သွင်းသူများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးနှင့်သက်ဆိုင်သော ဆန္ဒမဲပေးပိုင်ခွင့်သည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ အထွေထွေရွေးကောက်ပွဲများတွင် ထိခိုက်နစ်နာခဲ့ခြင်း ဆိုသည့် အဓိကဥပဒေပြဿနာကို ပထမဦးစွာဖော်ထုတ်ရန် လိုအပ်သည်။ တင်သွင်းသူများ၏ အကြောင်းပြချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

- နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ၏ အထွေထွေရွေးကောက်ပွဲဆိုင်ရာဥပဒေ (ဥပဒေအမှတ် ၄၂/ ၂၀၀၈) ပုဒ်မ ၂၈ နှင့် ပုဒ်မ ၁၁၁ တို့သည် ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇ (၁)နှင့် ပုဒ်မ ၂၈ ဃ အပိုဒ် (၁)၊ (၃) တို့နှင့် ညီညွတ်မှုမရှိပါ၊
- တင်သွင်းသူများသည် ၂၀၀၉ ခုနှစ် အထွေထွေရွေးကောက်ပွဲများတွင် ပါဝင်ရန် ၎င်းတို့၏အခွင့်အရေး ဆုံးရှုံးခဲ့သည်။

အမှုကြားနာစဉ်တွင် တရားရုံးသည်အောက်ဖော်ပြပါ ဥပဒေဆိုင်ရာအချက်အလက်များကို တွေ့ရှိခဲ့သည်-

- တင်သွင်းသူများသည် အမြဲတမ်းမဲဆန္ဒရှင်များမှတ်ပုံတင်စာရင်းတွင် စာရင်းမသွင်းခဲ့သဖြင့် ၂၀၀၉ ခုနှစ် တွင် ပြည်သူ့ကိုယ်စားပြုကောင်စီ (DPR)၊ ဒေသကိုယ်စားပြုကောင်စီ(DPD)နှင့် ဒေသဆိုင်ရာပြည်သူ့ကိုယ်စားပြုကောင်စီ(DPRD)တို့၏ ကိုယ်စားလှယ်များအတွက် အထွေထွေရွေးကောက်ပွဲများတွင် ၎င်းတို့၏ ဆန္ဒမဲပေးပိုင်ခွင့်ဆုံးရှုံးခဲ့ခြင်းဖြစ်သည်၊
- တင်သွင်းသူများသည် အမြဲတမ်းမဲဆန္ဒရှင်များမှတ်ပုံတင်စာရင်းနှင့်ပတ်သက်၍ မှန်ကန်စွာ ဖြန့်ဝေထားသော အချက်အလက်တစ်စုံတစ်ရာကို မရရှိခဲ့ပါ၊
- တင်သွင်းသူများသည် အမြဲတမ်းမဲဆန္ဒရှင်များမှတ်ပုံတင်စာရင်း၊ ၂၀၀၄ ခုနှစ် အထွေထွေရွေးကောက်ပွဲများကာလရှိ ၎င်းတို့၏လိပ်စာဟောင်းများနှင့် လက်ရှိလိပ်စာများသို့ ဖိတ်ကြားချက်များအား စစ်ဆေးခြင်းဖြင့် အထွေထွေရွေးကောက်ပွဲများတွင် ပါဝင်ရန်ကြိုးပမ်းခဲ့သော်လည်း မဲရုံတွင် ဆန္ဒမဲပေးရန် ဖိတ်ကြားချက် သို့မဟုတ် အချက်အလက် တစ်စုံတစ်ရာ မရရှိခဲ့ပါ။

အထက်တွင်ဖော်ပြထားသော ဥပဒေဆိုင်ရာအချက်အလက်များကို အခြေခံ၍ သမ္မတနှင့် ဒုတိယသမ္မတ အထွေထွေရွေးကောက်ပွဲများတွင် ကြုံတွေ့နေရသည့် လက်တလောအခြေအနေ

များနှင့် ပေါင်းစပ်သုံးသပ်ရာတွင် တရားရုံးမှဖြေဆိုရန် အဓိကဥပဒေပြဿနာမှာ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ၏ အထွေထွေရွေးကောက်ပွဲဆိုင်ရာဥပဒေ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၁၁၁ တို့သည် အထွေထွေရွေးကောက်ပွဲများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ ဖြစ်သည်။

အထက်တွင်ဖော်ပြထားသော ဥပဒေဆိုင်ရာပြဿနာကိုဖြေဆိုရန်အလို့ငှာ တရားရုံးသည် နိုင်ငံသားများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်နှင့် ကိုယ်စားလှယ်လောင်းဖြစ်ခွင့်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေများအပြင် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များဖြင့် အာမခံချက်ပေးထားသောကြောင့် အဆိုပါအခွင့်အရေးများကို ကန့်သတ်ခြင်း၊ ချိုးဖောက်ခြင်း၊ ဖယ်ထုတ်ခြင်းနှင့် ပယ်ဖျက်ခြင်းသည် နိုင်ငံသားများ၏ လူ့အခွင့်အရေးများကို ချိုးဖောက်ခြင်းဖြစ်သည် ဟုအခိုင်အမာအတည်ပြုထားသော ဆုံးဖြတ်ချက်အမှတ် ဝ၁၁- ဝ၁၇/ တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်မှု- ၁/ ၂ဝဝ၃ ကို ပထမဦးစွာ ကိုးကား ခဲ့သည်။

အထက်တွင်ဖော်ပြခဲ့သောဆုံးဖြတ်ချက်သည် ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံထားခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇ အပိုဒ် (၁) တွင် " နိုင်ငံသားတိုင်းသည် ဥပဒေရှေ့မှောက်တွင်လည်းကောင်း၊ အစိုးရတွင်လည်းကောင်း တန်းတူညီမျှမှုရှိရမည့်အပြင် ဥပဒေနှင့် အစိုးရကို ခြွင်းချက်မရှိ စောင့်ထိန်းလိုက်နာရမည်။" ဟု အတိအလင်းပြဋ္ဌာန်းထား သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈(ဂ) အပိုဒ် ၂ တွင် "လူ့အဖွဲ့အစည်း၊ လူမျိုးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရန် လူတိုင်းသည် ၎င်းတို့အခွင့်အရေးများကို စုပေါင်းကြိုးပမ်းပြီး မိမိကိုယ်တိုင် တိုးတက်အောင် လုပ်ပိုင်ခွင့်အခွင့်အရေးရှိရမည်။"ဟု ပြဋ္ဌာန်းထားသည်။ ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၈(ဃ) အပိုဒ်(၁) တွင်လည်း အခိုင်အမာပြဋ္ဌာန်းထားသည်မှာ "လူတိုင်းသည် အသိအမှတ်ပြုမှု၊ အာမခံမှု၊ အကာအကွယ်ပေးမှု၊ မျှတသောဥပဒေဆိုင်ရာ သေချာမှုအပြင် ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှဆက်ဆံခြင်းကိုလည်း ရပိုင်ခွင့်ရှိရမည်။" ထို့အပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၈(ဃ) အပိုဒ်(၃) တွင် "နိုင်ငံသားတိုင်းသည် အစိုးရထံတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေရမည်။" ဟုလည်းကောင်း၊ ပုဒ်မ ၂၈(ဈ) အပိုဒ်(၂) တွင် "လူတိုင်းသည် မည်သည့်အခြေခံအကြောင်းရင်းတွင်မဆို ခွဲခြားဆက်ဆံခြင်းမှ ကင်းလွတ်ခွင့်နှင့် ထိုကဲ့သို့ခွဲခြား ဆက်ဆံခံရခြင်းမှ အကာအကွယ်ရခွင့် ရှိသည်။" ဟု လည်းကောင်း ပြဋ္ဌာန်းထားသည်။

အထက်ဖော်ပြပါပြဋ္ဌာန်းချက်များသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း (UDHR) အပိုဒ် ၂၁ နှင့် ညီညွတ်မှုရှိသည်။ အပိုဒ် ၂၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

(၁) လူတိုင်းသည် မိမိနိုင်ငံ၏အုပ်ချုပ်ရေး၌ ကိုယ်တိုင်ဖြစ်စေ၊ လွတ်လပ်စွာ ရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များမှဆစ်ဆင့်ဖြစ်စေ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(၂) လူတိုင်းတွင် မိမိနိုင်ငံရှိ ပြည်သူ့ဝန်ထမ်းအဖွဲ့၌ ဝင်ရောက်နိုင်ရန် တူညီသည့် အခွင့်အရေးရှိသည်။

(၃) ပြည်သူပြည်သားတို့၏ ဆန္ဒသည် အစိုးရအာဏာ၏ အခြေခံဖြစ်ရမည်၊ အဆိုပါဆန္ဒကို အချိန်ကာလပိုင်းခြားလျက် ရွေးကောက်ပွဲများဖြင့် ထင်ရှားစေရမည်။ ရွေးကောက်ပွဲများတွင်လည်း လူတိုင်းတန်းတူညီမျှ ဆန္ဒမဲပေးပိုင်ခွင့်ရှိရမည့်အပြင် ထိုရွေးကောက်ပွဲများကို လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ သို့မဟုတ် အလားတူလွတ်လပ်သော မဲပေးစနစ်ဖြင့်ဖြစ်စေ ကျင်းပရမည်။

ထို့အပြင် အထက်တွင်ဖော်ပြခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များသည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (ICCPR) အပိုဒ် ၂၅ နှင့်လည်းညီညွတ်မှုရှိသည်။ ဖော်ပြခဲ့ပြီးဖြစ်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာဥပဒေ ပုဒ်မ ၄၃ အရ နိုင်ငံသားတိုင်းသည် ဥပဒေများနှင့် စည်းမျဉ်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ၏ အထွေထွေရွေးကောက်ပွဲဆိုင်ရာဥပဒေ (ဥပဒေအမှတ် ၄၂/ ၂၀၀၈) ပုဒ်မ ၁၊ ပုဒ်မခွဲ ၂၁ တွင် "မဲဆန္ဒရှင်များသည် အသက် ၁၇ နှစ်ပြည့်ပြီးသူ သို့မဟုတ် အသက် ၁၇ နှစ်အထက်ရှိသူ သို့မဟုတ် လက်ထပ်ပြီးသူ အင်ဒိုနီးရှားနိုင်ငံသားများ ဖြစ်ရမည်။" ဟုပြဋ္ဌာန်းထားသည်။ အဆိုပါဥပဒေ ပုဒ်မ ၂၇၊ အပိုဒ် ၁ တွင် ပြဋ္ဌာန်းထားသည်မှာ "ဆန္ဒမဲပေးသည့်နေ့တွင် အသက် ၁၇ နှစ်ပြည့်ပြီးသူ သို့မဟုတ် အသက် ၁၇ နှစ် အထက်ရှိသူ သို့မဟုတ် လက်ထပ်ပြီးသူ အင်ဒိုနီးရှားနိုင်ငံသားများသည် ဆန္ဒမဲပေးရန် အခွင့်အရေးရှိရမည်။"

အထက်တွင်ဖော်ပြထားသကဲ့သို့ နိုင်ငံသားများ၏ ဆန္ဒမဲပေးရန်အခွင့်အရေးများကို လူ့အခွင့်အရေးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးများအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် နိုင်ငံသားများ၏ မဲပေးခွင့်ကိုအခက်ခဲဖြစ်စေသည့် အမျိုးမျိုးသော စီမံ

ခန့်ခွဲရေးဆိုင်ရာပြဋ္ဌာန်းချက်များနှင့် လုပ်ထုံးလုပ်နည်းများဖြင့် အထက်တွင်ဖော်ပြခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးများကို ဟန့်တားခြင်း သို့မဟုတ် ထိခိုက်ခြင်းမရှိစေရ။

နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ၏ အထွေထွေရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ ပုဒ်မ ၂၇၊ အပိုဒ် ၂ တွင် ဖော်ပြထားသည်မှာ “နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ အထွေထွေရွေးကောက်ပွဲများ၏ ကြီးကြပ်သူသည် အပိုဒ် (၁) တွင်ရည်ညွှန်းသော အင်ဒိုနီးရှားနိုင်ငံသားများကို မဲဆန္ဒရှင်များ မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်ရမည်။” ဟူ၍လည်းကောင်း၊ ပုဒ်မ ၂၈ တွင် “ဆန္ဒမဲပေးခွင့်ကို အသုံးပြုနိုင်စေရန်အလို့ငှာ ပုဒ်မ ၂၇ တွင်ရည်ညွှန်းသော အင်ဒိုနီးရှားနိုင်ငံသားများသည် မဲဆန္ဒရှင်များအဖြစ် မှတ်ပုံတင်ရန်လိုအပ်သည်။” ဟုပြဋ္ဌာန်းထားပါသည်။ ထိုနည်းတူ ယင်းဥပဒေ ပုဒ်မ ၁၁၁ အပိုဒ် (၁) တွင် “ မဲရုံတွင် ဆန္ဒမဲပေးရန် အခွင့်အရေးရှိသော မဲဆန္ဒရှင်များဆိုသည်မှာ (က) သက်ဆိုင်ရာမဲရုံတွင် အမြဲတမ်းမဲဆန္ဒရှင်များမှတ်ပုံတင်စာရင်း၌ မှတ်ပုံတင်ထားသော မဲဆန္ဒရှင်များ၊ နှင့် (ခ) ထပ်တိုးမဲဆန္ဒရှင်များမှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်ထားသော မဲဆန္ဒရှင်များပါဝင်သည်။” ဖော်ပြထားသည်။ အဆိုပါပြဋ္ဌာန်းချက်များသည် နိုင်ငံသားတစ်ဦး၏ မဲပေးခွင့်ကို အသုံးပြုရန်အတွက် စီမံခန့်ခွဲရေးဆိုင်ရာပြဋ္ဌာန်းချက်များနှင့် လုပ်ထုံးလုပ်နည်းများ ဖြစ်သည်။

အမြဲတမ်းမဲဆန္ဒရှင်များမှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်ထားသော နိုင်ငံသားတစ်ဦးဖြစ်ရန်လိုအပ်ခြင်း ဟူသောပြဋ္ဌာန်းချက်သည် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၏ သဘောသဘာဝအရ ပိုမိုများပြားပြီး အရေးကြီးသောကိစ္စရပ်များဖြစ်သည့် အထွေထွေရွေးကောက်ပွဲများတွင် နိုင်ငံသားများ၏ ဆန္ဒမဲပေးပိုင်ခွင့်ကို ငြင်းပယ်ခြင်းမပြုရ။ ထို့ကြောင့် နိုင်ငံသားများအနေဖြင့် ၎င်းတို့၏မဲပေးပိုင်ခွင့်ကို တားဆီးခံရခြင်း မရှိစေရေးအတွက် တည်ဆဲအမြဲတမ်းမဲဆန္ဒရှင်များစာရင်းကို ပြည့်စုံစေရန် အဖြေရှာရန်လိုအပ်သည်ဟု တရားရုံးက ယူဆသည်။

အထွေထွေရွေးကောက်ပွဲကော်မရှင်အနေဖြင့် အချိန်အကန့်အသတ်ကြောင့် အချက်အလက်များကို အဆင့်မြှင့်တင်ခြင်းဖြင့် အမြဲတမ်းမဲဆန္ဒရှင်များမှတ်ပုံတင်စာရင်းကို ပြန်လည်ပြင်ဆင်ရန် ခက်ခဲလိမ့်မည်ဖြစ်သော်လည်း၊ အမြဲတမ်းမဲဆန္ဒရှင်များမှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်ခြင်းမရှိသည့် အင်ဒိုနီးရှားနိုင်ငံသားများအတွက် ၎င်းတို့၏ မဲပေးပိုင်ခွင့်ကို အသုံးပြုရန် နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် နိုင်ငံကူးလက်မှတ်ကို အသုံးပြုခြင်းသည် နိုင်ငံသားတိုင်း၏ မဲပေးပိုင်ခွင့်ကို ကာကွယ်ရန်အတွက် စိတ်ချရဆုံးသောနည်းလမ်းဖြစ်သည်။ အထက်ဖော်ပြပါကိစ္စရပ်နှင့်စပ်လျဉ်း၍ နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် နိုင်ငံကူးလက်မှတ် အသုံးပြု၍

မဲပေးခြင်းကို အထွေထွေရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက် သို့မဟုတ် စည်းမျဉ်းဖြင့် ဆောင်ရွက်ခြင်း မပြုနိုင်ကြောင်း တရားရုံးက သုံးသပ်ယူဆသည်။ တစ်ချိန်တည်းမှာပင် လာမည့် ပြည်သူ့ကိုယ်စားပြုကောင်စီ(DPR) အစည်းအဝေးတွင် ဥပဒေပြုရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းဖြင့် ထိုဆုံးဖြတ်ချက်/ စည်းမျဉ်းသည် ပျက်ပြယ်သွားပါက ဥပဒေပြုရေးဆိုင်ရာအစိုးရ၏ စည်းမျဉ်းပုံစံသည်လည်း ပြဿနာများဖြစ်ပေါ်နိုင်ဖွယ်ရှိသည်။

အထက်တွင်ဖော်ပြခဲ့ပြီးသောအချက်များအပေါ်အခြေခံ၍ တရားမျှတမှု၊ ဥပဒေအရ ခိုင်မာမှုနှင့် ဥပဒေအရအသုံးဝင်မှုတို့အတွက် အထွေထွေရွေးကောက်ပွဲကော်မရှင်က အစိုးရ၏ စည်းမျဉ်းစည်းကမ်းများမလိုအပ်ဘဲ တိုက်ရိုက်ကျင့်သုံးနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ ဆန္ဒမဲပေးပိုင်ခွင့်ကို ကာကွယ်ရန်၊ အာမခံရန်နှင့် ဖြည့်ဆည်းရန် အလို့ငှာ မိမိကိုယ်တိုင်အတည်ပြုဆောင်ရွက်နိုင်သော ဆုံးဖြတ်ချက်ကိုချမှတ်သည်။

တရားစီရင်ရေးအာဏာဆိုင်ရာဥပဒေ (ဥပဒေအမှတ် ၄/ ၂၀၀၄) ပုဒ်မ ၂၈ အပိုဒ် (၁) ကို အခြေခံ၍ တရားရုံးသည် လူ့အဖွဲ့အစည်းရှိ တရားဥပဒေတန်ဖိုးများနှင့် တရားမျှတမှု သဘောတရားတို့ကို ဖော်ထုတ်ရန်၊ လိုက်နာရန်နှင့် နားလည်ရန်တာဝန်ရှိသည်။ ၎င်းသည် တရားရုံး၏ဆုံးဖြတ်ချက်များကို ဥပဒေနှင့် လူ့အဖွဲ့အစည်းရှိ တရားမျှတမှု သဘောတရားတို့နှင့် အညီဖြစ်စေရန် ရည်ရွယ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ ပြန်လည်သုံးသပ်ရန် တင်သွင်းသော ပုဒ်မများအပေါ် ဆုံးဖြတ်ချက်မချမီ တစ်ဖက်တွင် နိုင်ငံသားများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများကို ထိခိုက်ခြင်းမရှိစေရန်နှင့် အခြားတစ်ဖက်တွင် ဥပဒေများနှင့် စည်းမျဉ်းများ ပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်းမရှိစေရန်အလို့ငှာ တရားရုံးသည် အောက်ဖော်ပြပါ လမ်းညွှန်ချက်များကိုရည်ညွှန်း၍ အမြဲတမ်းမဲဆန္ဒရှင်များမှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်ထားခြင်းမရှိသော အင်ဒိုနီးရှားနိုင်ငံသားများ၏ ဆန္ဒမဲပေးပိုင်ခွင့်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထပ်မံပြဋ္ဌာန်းရန် အထွေထွေရွေးကောက်ပွဲကော်မရှင်အား ညွှန်ကြားရန်လိုအပ်သည်-

(၁) အမြဲတမ်းမဲဆန္ဒရှင်များမှတ်ပုံတင်စာရင်းတွင် မှတ်ပုံမတင်ရသေးသော အင်ဒိုနီးရှားနိုင်ငံသားများသည် နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် ပြည်ပရောက် အင်ဒိုနီးရှားနိုင်ငံသားများအတွက် နိုင်ငံကူးလက်မှတ်ပြသခြင်းဖြင့် ၎င်းတို့၏ ဆန္ဒမဲပေးခွင့်ကို အသုံးပြုနိုင်သည်၊

(၂) အင်ဒိုနီးရှားနိုင်ငံသားများ အသုံးပြုသော နိုင်ငံသားစိစစ်ရေးကတ်များကို သန်းခေါင်စာရင်း သို့မဟုတ် အလားတူစာရွက်စာတမ်းနှင့်အတူ ပူးတွဲပါရှိရမည်၊

(၃) နိုင်ငံသားစိစစ်ရေးကတ်များ အသုံးပြုသော အင်ဒိုနီးရှားနိုင်ငံသားများသည် ရပ်ကွက်အတွင်း တည်ရှိသောမဲရုံများတွင် သို့မဟုတ် ၎င်းတို့၏ နိုင်ငံသားစိစစ်ရေးကတ်တွင် ရေးသားထားသောလိပ်စာနှင့် အလားတူ အခြားနေရာတွင် ၎င်းတို့၏ ဆန္ဒမဲပေးပိုင်ခွင့် အသုံးပြုနိုင်သည်၊ အထူးသဖြင့် ပြည်ပရွေးကောက်ပွဲကော်မတီတွင် နိုင်ငံကူးလက်မှတ်အသုံးပြုသူများသည် သက်ဆိုင်ရာ ပြည်ပရွေးကောက်ပွဲကော်မတီထံမှ မဲပေးသည့်နေရာကို အတည်ပြုချက်နှင့် သတ်မှတ်ချက်ကို ရရှိရမည်၊

(၄) အထက်ဖော်ပြပါ အပိုဒ် ၃ တွင် ရည်ညွှန်းသော အင်ဒိုနီးရှားနိုင်ငံသားများသည် ၎င်းတို့၏မဲပေးပိုင်ခွင့်ကို အသုံးမပြုမီ ပထမဦးစွာ ဒေသဆိုင်ရာမဲရုံကြီးကြပ်ရေးအဖွဲ့ထံတွင် မှတ်ပုံတင်ရမည်။

(၅) နိုင်ငံသားစိစစ်ရေးကတ်များ သို့မဟုတ် နိုင်ငံကူးလက်မှတ်များ အသုံးပြု၍ မဲပေးသော အင်ဒိုနီးရှားနိုင်ငံသားများအတွက် မဲပေးခြင်းကို ပြည်တွင်းမဲရုံ သို့မဟုတ် ပြည်ပမဲရုံတွင် မဲပေးခြင်းမပြီးဆုံးမီ တစ်နာရီအလိုတွင် ပြုလုပ်ရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ ပုဒ်မ ၅၄ အရ လျှောက်ထားသူများ၏ အသနားခံစာနှင့်စပ်လျဉ်း၍ အစိုးရနှင့် ပြည်သူ့ကိုယ်စားပြုကောင်စီ(DPR)၏ ထွက်ဆိုချက်များကိုကြားနာရန်မလိုအပ်ဟု တရားရုံးက ယူဆသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥပဒေ ပုဒ်မ ၅၄ ၏ ပြဋ္ဌာန်းချက်အပြည့်အစုံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

> "ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ပြန်လည်သုံးသပ်နေသည့် တင်သွင်းလွှာနှင့် ပတ်သက်သည့် အချက်အလက်များနှင့် အစည်းအဝေးမှတ်တမ်းများကို ပြည်သူ့အတိုင်ပင်ခံ လွှတ်တော်(MPR)၊ ပြည်သူ့ကိုယ်စားပြုကောင်စီ(DPR)၊ ဒေသကိုယ်စားပြုကောင်စီ(DPD) နှင့်/သို့မဟုတ် သမ္မတထံမှ တောင်းခံနိုင်သည်။"

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ ပုဒ်မ ၄၅ အပိုဒ် ၉ ပြဋ္ဌာန်းချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အမှုစစ်ဆေးသည့်နေ့တွင်ပင် ဆုံးဖြတ်ချက် ချမှတ်နိုင်သည် သို့မဟုတ် အခြားနေ့တွင်ဆုံးဖြတ်ချက်ချမှတ်ရန် ရွှေ့ဆိုင်းနိုင်သည်၊ ထိုသို့ရွှေ့ဆိုင်းပါက ယင်းနေ့အား အမှုသည်များထံအကြောင်းကြားရမည်။

အထက်ဖော်ပြပါ ထင်မြင်ယူဆချက်များနှင့် ဥပဒေဆိုင်ရာသုံးသပ်ချက်များ၏ အပြန်အလှန် ဆက်စပ်မှုအပေါ်အခြေခံ၍ တရားရုံးသည် တင်သွင်းသူများ၏ တင်သွင်းလွှာသည် လုံလောက်သော ဥပဒေဆိုင်ရာအကြောင်းပြချက်များအပေါ်အခြေခံသည်ဟု စဉ်းစားသုံးသပ်သည်။

**၃. ၅။ တရားရုံး၏ကောက်ချက်**

တင်သွင်းလွှာတွင် ဖော်ပြထားသော အချက်အလက်များ၊ ဥပဒေများနှင့်စပ်လျဉ်း၍ အထက် ဖော်ပြပါသုံးသပ်ချက်များအပေါ် အခြေခံ၍ တရားရုံးသည် အောက်ပါအတိုင်း ကောက်ချက်ချခဲ့ သည်-

(က) တရားရုံးသည် တင်သွင်းလွှာကို စစ်ဆေးရန်၊ ကြားနာရန်နှင့် ဆုံးဖြတ်ရန် အာဏာရှိသည်။

(ခ) တင်သွင်းလွှာတင်သွင်းရန် တင်သွင်းသူများသည် တရားဝင်ရပ်တည်ခွင့်ရှိသည်။

(ဂ) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ၏ အထွေထွေရွေးကောက်ပွဲများဆိုင်ရာ ဥပဒေ (ဥပဒေအမှတ် ၄၂/ ၂၀၀၈) ပုဒ်မ ၂၈ နှင့် ပုဒ်မ ၁၁၁ နှင့်စပ်လျဉ်း၍ တင်သွင်းသူများ၏ တင်သွင်းလွှာသည် လုံလောက်သောဥပဒေဆိုင်ရာ အကြောင်း ပြချက်များအပေါ် အခြေခံသော်လည်း သမ္မတနှင့် ဒုတိယသမ္မတ ရွေးကောက်ပွဲ များအတွက် အမြဲတမ်းမဲဆန္ဒရှင်များ မှတ်ပုံတင်စာရင်းတွင် မှတ်ပုံမတင်ထား သည့် နိုင်ငံသားများ၏ ဆန္ဒမဲပေးပိုင်ခွင့်ကို ဖယ်ထုတ်ခြင်း မရှိသဖြင့် တင်သွင်း လွှာသည် ခြွင်းချက်သဘောအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဖြစ်သည်ဟု ယူဆသည်။

အမြဲတမ်းမဲဆန္ဒရှင်များမှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်ထားခြင်းမရှိသော အင်ဒိုနီးရှား နိုင်ငံသားများသည် ၎င်းတို့၏ဆန္ဒမဲပေးပိုင်ခွင့်ကို အသုံးပြုရာတွင် လိုက်နာရမည့် လိုအပ်ချက် များနှင့် လုပ်ထုံးလုပ်နည်းများကို ဆုံးဖြတ်ချက်များအပိုင်းတွင် ဖော်ပြထားသည်။

## ၃. ၆။ ဆုံးဖြတ်ချက်များ

၁၉၄၅ ခုနှစ် အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ဆိုင်ရာတရားရုံးဥပဒေတို့အရ အောက်ပါအတိုင်း ဆုံးဖြတ်ချက်ချမှတ်သည်-

(က) တင်သွင်းလွှာကို တစ်စိတ်တစ်ပိုင်းခွင့်ပြုရန်၊

(ခ) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ၏အထွေထွေရွေးကောက်ပွဲဆိုင်ရာဥပဒေ (ဥပဒေ အမှတ် ၄၂/ ၂၀၀၈) ပုဒ်မ ၂၈ နှင့် ပုဒ်မ ၁၁၁ သည် အောက်ဖော်ပြပါ နည်းလမ်းများတွင် ဖော်ပြထားသောလိုအပ်ချက်များဖြင့် အမြဲတမ်းမဲဆန္ဒရှင်များ မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်ထားခြင်းမရှိသော နိုင်ငံသားများပါဝင်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖြစ်သည်ဟုကြေညာရန်-

(၁) အမြဲတမ်းမဲဆန္ဒရှင်များမှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်ထားသော အင်ဒိုနီးရှားနိုင်ငံသားများအပြင် အမြဲတမ်းမဲဆန္ဒရှင်များမှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်ထားခြင်း မရှိသေးသော အင်ဒိုနီးရှားနိုင်ငံသားများသည် နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် ပြည်ပရောက် အင်ဒိုနီးရှားနိုင်ငံသား များအတွက် နိုင်ငံကူးလက်မှတ်ပြသခြင်းဖြင့် ဆန္ဒမဲပေးနိုင်သည်၊

(၂) ဆန္ဒမဲပေးရာတွင် နိုင်ငံသားစိစစ်ရေးကတ်များကို အသုံးပြုပါက သန်းခေါင် စာရင်း သို့မဟုတ် အလားတူစာရွက်စာတမ်းနှင့်အတူ ပူးတွဲပါရှိရမည်၊

(၃) နိုင်ငံသားစိစစ်ရေးကတ်များကိုအသုံးပြုသော အင်ဒိုနီးရှားနိုင်ငံသားများ သည် ရပ်ကွက်အတွင်း တည်ရှိသောမဲရုံများတွင် သို့မဟုတ် ၎င်းတို့၏ နိုင်ငံသားစိစစ်ရေးကတ်တွင် ရေးသားထားသောလိပ်စာနှင့် အလားတူ အခြားနေရာတွင် ၎င်းတို့၏ ဆန္ဒမဲပေးပိုင်ခွင့် အသုံးပြုနိုင်သည်၊

(၄) အထက်ဖော်ပြပါ အပိုဒ် ၃ တွင် ရည်ညွှန်းသော အင်ဒိုနီးရှားနိုင်ငံသား များသည် ၎င်းတို့၏မဲပေးပိုင်ခွင့်ကို အသုံးမပြုမီ ပထမဦးစွာ ဒေသဆိုင်ရာ မဲရုံကြီးကြပ်ရေးအဖွဲ့ (KPPS) ထံတွင် မှတ်ပုံတင်ရမည်။

(၅) နိုင်ငံသားစိစစ်ရေးကတ်များ သို့မဟုတ် နိုင်ငံကူးလက်မှတ်များ အသုံးပြု ၍ မဲပေးသော အင်ဒိုနီးရှားနိုင်ငံသားများအတွက် မဲပေးခြင်းကို ပြည်တွင်း မဲရုံ သို့မဟုတ် ပြည်ပမဲရုံတွင် မဲပေးခြင်းမပြီးဆုံးမီ တစ်နာရီအလိုတွင် ပြုလုပ်ရမည်။

(ဂ) တင်သွင်းလွှာ၏ ကျန်ရှိသောအပိုင်းများကို ပယ်ရန်၊

(ဃ) ဤဆုံးဖြတ်ချက်ကို အင်ဒိုနီးရှားသမ္မတနိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရန်။

၂၀၀၉ ခုနှစ် ဇူလိုင်လ ၆ ရက် တနင်္လာနေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီး (၉) ဦး တက်ရောက်သည့် အတိုင်ပင်ခံအစည်းအဝေးတွင် ဤဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပြီး၊ ထိုနေ့၌ပင် စုံညီရုံးထိုင်ကြားနာချိန်တွင် အများပြည်သူအတွက် ဆုံးဖြတ်ချက်ကို ကြေညာခဲ့သည်။

**သုံးသပ်ချက်**

အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄ (ဂ)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ ပုဒ်မ ၁၀ တို့အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီများဖျက်သိမ်းခြင်းနှင့် ရွေးကောက်ပွဲရလဒ်များနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သောအငြင်းပွားမှုများကို စီရင်ပိုင်ခွင့်အာဏာရှိသည့်အပြင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့အား စွပ်စွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့ကိုယ်စားပြုကောင်စီ (DPR)၏ တင်သွင်းမှုအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ချက်ချမှတ်ရန် တာဝန်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ပြီး၊ ၎င်း၏ ထုတ်ပြန်ကြေညာချက်အရ ချက်ခြင်းအာဏာတည်သည့်အပြင် မည်သည့်ဥပဒေရေးရာ ကြိုးပမ်းမှုမျှမပြုလုပ်နိုင်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေတွင် ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအား စီရင်ပိုင်ခွင့်အာဏာကို ကျယ်ပြန့်စွာအပ်နှင်း ထားသည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လွှမ်းမိုးကြီးစိုးမှု (Supremacy of Constitution) ကိုထင်ရှားစွာတွေ့ရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းလွှာတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ တင်သွင်းသောအကြောင်းအရာအလိုက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေတွင်

- အပိုင်း (၈)၊ ပုဒ်မ ၅၀ မှ ပုဒ်မ ၆၀ (ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သော ဥပဒေများကို ပြန်လည်သုံးသပ်ခြင်း)၊
- အပိုင်း (၉)၊ ပုဒ်မ ၆၁ မှ ပုဒ်မ ၆၇ (နိုင်ငံတော်အဖွဲ့အစည်းများအား ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်အာဏာများနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုများ)၊

- အပိုင်း (၁၀)၊ ပုဒ်မ ၆၈ မှ ပုဒ်မ ၇၃ (နိုင်ငံရေးပါတီဖျက်သိမ်းခြင်း)၊
- အပိုင်း (၁၁)၊ ပုဒ်မ ၇၄ မှ ပုဒ်မ ၇၉ (အထွေထွေရွေးကောက်ပွဲ၏ ရလဒ်များနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုများ) ဟူ၍ အသေးစိတ်ပြဋ္ဌာန်းထားသည်။

ဤတင်သွင်းလွှာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ပြည်တွင်းဥပဒေများအပြင် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များကိုပါ ကိုးကားသုံးသပ်ခြင်း၊ ဆုံးဖြတ်ချက် ချမှတ်ရာတွင် နိုင်ငံသားများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးများကို အကာအကွယ်ပေးသကဲ့သို့ အခြားတစ်ဖက်တွင် ဥပဒေများနှင့် စည်းမျဉ်းများပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်းမရှိစေရန်ကိုလည်း အလေးထားဆောင်ရွက်ကြောင်း တွေ့ရှိရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အထွေထွေရွေးကောက်ပွဲကော်မရှင်အား လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ထပ်မံပြဋ္ဌာန်းရန် ညွှန်ကြားနိုင်သည့်အပြင် အဆိုပါလုပ်ထုံးလုပ်နည်းများကို တရားရုံးဆုံးဖြတ်ချက်အပိုင်းတွင် ဖော်ပြထားသည်။ ထိုကဲ့သို့ ဖော်ပြထားသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် တရားရုံးဥပဒေ ပုဒ်မ ၁၀၊ အပိုဒ် (၁) အရ ချက်ခြင်းအာဏာတည်သဖြင့် တရားစီရင်ရေးနည်းလမ်းဖြင့် လုပ်ထုံးလုပ်နည်းကို ပြဋ္ဌာန်းနိုင်သည်ဟု သုံးသပ်တွေ့ရှိရသည်။